ရခိုင့်ရေနံစောင့်ကြည့်ရေးအဖွဲ့ သတင်းထုတ်ပြန်ချက်

နေ့စွဲ။ ။၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ (၁၇) ရက်။

ဧရာမ တရုတ်စက်မှုဇုံကြီးက ရခိုင်ကမ်းရိုးတန်းဒေသကို ခြိမ်းခြောက်နေလေပြီ

တရုတ်နိုင်ငံက အကောင်ထည်ဖေါ်တည်ဆောက်ရန်ပြင်ဆင်နေသည့် စက်မှုဇုံကြီးက ရခိုင်ပြည်နယ်ရှိ ဒေသခံပြည်သူထောင်ပေါင်းများတို့၏ လူမှုဘဝနှင့် မြန်မာ့ဒုတိယအကြီးမားဆုံးလမုတောကြီးတို့အား မည်သို့မည်ပုံ ခြိမ်းခြောက်နေသည် ကို ရခိုင့်ရေနံစောင့်ကြည့်ရေးအဖွဲ့၏ အသစ်ထုတ်ဝေလိုက်သော "အန္တရာယ်ဇုံ" အမည်ရှိ အစီရင်ခံစာတွင် ထုတ်ဖေါ်လိုက်သည်။

မြန်မာပြည်ကိုဖြတ်သန်းသွယ်တန်းနေသော ရေနံ နှင့် သဘာဝဓါတ်ငွေ့ပိုက်လိုင်း တာမီနယ်များ အနီးတဝိုက်တွင် တည်ဆောက်ရန်စီစဉ်နေသည့် စတုရန်းကီလိုမီတာ (၁၂၀) ကျယ်ဝန်းမည့် ကျောက်ဖြူ အထူးစီးပွားရေးဇုံကြောင့် ဒေသခံကျေးရွာပေါင်း (၄၀)ခန့်ထိ ပြောင်းရွှေ့ခံရမည်ဖြစ်သည်။ အခြားတဖက်တွင်လည်း ရေနံဓါတု နှင့် သတ္တုစက်မှုလုပ်ငန်းများမှ ထွက်ရှိလာမည့် အဆိပ်သင့်စွန့်ပစ်ပစ္စည်းများ နှင့် ဖြစ်ပေါ်လာမည့် ပတ်ဝန်းညစ်ညမ်းမှု ဆိုးကျိုးများကို ဒေသခံပြည်သူ အမြောက်အများက စိုးရိမ်မကင်းဖြစ်နေကြရသည်။ တရုတ်တို့ တာဝန်ယူ တည်ဆောက်နေသော ပိုင်းလိုင်း နှင့် ရေနက်ဆိပ်ကမ်း စီမံကိန်းများကြောင့်လည်း ကျောက်ဖြူမြို့နယ်တွင် လယ်ယာမြေသိမ်းပိုက်ခံရမှုများကို ကျယ်ကျယ်ပြန့်ပြန့် ဖြစ်စေခဲ့ပြီးဖြစ်သည်။

အမေရိကန်ဒေါ်လာ (၁၀၉) ဘီလီလျံ တန်ဖိုးရှိသော ဤစီမံကိန်းကြီးတွင် တရုတ်နိုင်ငံမှ CITIC Group ကုမ္ပဏီ၊ ဂျပန်နိုင်ငံမှ Nippon Koei ကုမ္ပဏီ နှင့် မြန်မာပြည်တွင်းမှ ထူးထရေးဒင်းကုမ္ပဏီတို့ ပါဝင်ပတ်သက်နေကြသည်။ သို့သော်လည်း အစိုးရအနေဖြင့် စီမံကိန်းဆိုင်ရာ အစီအစဉ်အပြည့်အစုံကို ဒေသခံပြည်သူလူထုကို သော်လည်းကောင်း၊ ဒေသခံနိုင်ငံရေးသမားများကိုသော်လည်းကောင်း အသိပေးထုတ်ပြန်ပေးခြင်းမရှိပါ။

"အစိုးရကဘာတွေကိုစဉ်းစားနေတာလဲ.....မပျက်မစီးတည်ရှိနေတဲ့ ကျွန်တော်တို့ရဲ့ ကမ်းရိုးတမ်းကြီးကို အဆိပ်အတောက် စက်မှုဇုံအဖြစ် ပြောင်းလဲပစ် ဖို့အတွက် နိုင်ငံခြားကုမ္ပဏီတွေ လက်ထဲကို ဝကွက်အပ်လိုက်တော့မှာလား " ဟု ရခိုင့်ရေနံစောင့်ကြည့်ရေးအဖွဲ့ ဒါရိုက်တာကျော်ခိုင် က ပြောကြား သည်။

စီမံကိန်းတွင် ရခိုင်ပြည်မှ တရုတ်နိုင်ငံယူနန်ပြည်နယ်သို့ ဆက်သွယ်ဖေါက်လုပ်လုပ်မည့် ကီလိုမီတာ (၈၀၀) ရှည်လျားသော ရထားလမ်းတစ်ခု နှင့် အဝေးပြေးကားလမ်းတစ်ခု ပါဝင်မည်ဖြစ်သောကြောင့် ကနဦး ဖေါက်လုပ်နေသော ပိုက်လိုင်းလမ်းကြောင်းအရွယ်အစားကိုလည်း ပိုမိုတိုးချဲ့သွားမည်ဖြစ်သည်။ တရုတ်တို့ သည် ရထားလမ်းကို တည်ဆောက်၍ နှစ်(၅၀) အသုံးပြုသွားမည်ဖြစ်ပြီး၊ ၎င်းကာလနောက်ပိုင်းမှသာ အဆိုပါ ရထားလမ်းအား မြန်မာအစိုးရ ထံသို့လွှဲပြောင်း ပေးမည်ဖြစ်သည်။

"ရခိုင်ပြည်နယ်မှာရှိတဲ့ ပြည်သူထောင်ပေါင်းများစွာတို့ဟာ ဒီတရုတ်စီမံကိန်းတွေကြောင့် အခြေအနေမဲ့ ဘဝတွေဆီကို ရောက်ရှိသွားကြရတော့မှာပါ။ပြီးတော့ ဒီစီမံကိန်းကြောင်းပင်လျင် နောက်ဆက်တွဲ ပဋိပက္ခ တွေကိုမလွှဲမသွေ ကြုံတွေ့လာရမှာပါ။ မြန်မာအစိုးရ နှင့် ရင်းနှီးမြှုပ်နှံတဲ့ ကုမ္ပဏီတွေအနေ နှင့်လည်း မုံရွာ ကြေးနီစီမံကိန်းတွေမှာ ဖြစ်ပျက်နေတာကိုကြည့်ပြီး သခ်ၤန်းစာယူသင့်ပါတယ်။" ဟု ကျော်ခိုင် က ပြောကြား သည်။

ကျောက်ဖြူအထူးစီးပွားရေးဇုံ ကဲ့သို့သော စီမံကိန်းများကို အကောင်ထည်ဖေါ်မဆောင်ရွက်မီ ဒေသခံပြည်သူ များ နှင့် ဆွေးနွေးညှိနှိုင်းမှုများပြုလုပ်ပြီး၊ ပြည်သူလူထုနှင့် သဘာဝပတ်ဝန်းကျင်ကိုအကာ အကွယ်ပေးနိုင်မည့် တင်းကျပ်သော ဥပဒေများ နှင့် စည်းမျဉ်းကည်းကမ်းများကို ထုတ်ပြန်ပြဋ္ဌာန်းပေးရန်အတွက်လည်း ရခိုင့်ရေနံ စောင့်ကြည့်ရေး အဖွဲ့က တောင်းဆိုထားသည်။

###

အစီရင်ခံစာအပြည့်အစုံကို www.arakanoilwatch.org ၌ ရယူဖတ်ရှုနိုင်ပါရန်။

ဆက်သွယ်ရန်။ ။ Ph: +66 (0) 82 184 1335 / Email: info@arakanoilwatch.org